## ၈။ ဂေါ်ဖီထွာကောင်စိမ်း

**Semilooper: *Trichoplusia ni* (Hübner, 1800–1803)**

**Lepidoptera: Noctuidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





ဥများကိုအရွက်များ၏ အောက်ဖက်မျက်နှာပြင်ပေါ်တွင် ဖြူစိမ်းရောင်စက်လုံးပုံ ဥများကို တစ်လုံးချင်းအုသည်။ လောက်ကောင်သည် လှိုင်းတွန့်ပုံမျဉ်း ပါးပါးနှင့်အတူဆလင် ဒါပုံရှိပြီး အစိမ်းရောင်ရှိသည်။ အရွယ်ရောက်ကောင်သည် တုတ်ခိုင်သောအညိုရောင် ဖလံဖြစ်ကာ ဦးခေါင်း နှင့်ရင်ဘတ်ပိုင်းမှာ မီးခိုးရောင်ရှိသည်။ ရှေ့တောင်ပံ များသည် ဆလင်ဒါပုံ အမှတ်အသား များနှင့်အတူမီးခိုးလှိုင်းပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ



ဦးစွာအရွက်များကိုခြစ်စားပြီးအရွက်အားလုံးကုန်သည်အထိစားသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၃ –၄) ရက် |
| လောက်ကောင် အဆင့် | – (၇) ရက် |

ရုပ်ဖုံး အဆင့် – (၇-၁၀) ရက်

အကောင်ကြီး အဆင့် – (၁၀-၁၂) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ထွာကောင်စိမ်းကျရောက်မှုအား စဉ်ဆက်မပြတ် ကင်းထောက်စစ်ဆေးပါ။

(၂)လောက်ကောင်များကိုလက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၃)(၂.၅)ကေလျှင်အလင်းရောင်ထောင်ချောက်တစ်လုံးထွန်းပါ။

(၄)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းစာအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- ဒိုင်ယာဇီနွန်(Diazinon)